# Heaven is so Real

# ကောင်းကင်ဘုံသည် အမှန်စင်စစ်တည်ရှိသည်ဖြစ်ကြောင်း

# (Choo Thomas)

# (ချူးသောမတ်(စ်))

**စာရေးသူ-** ကိုးရီးယားအမျိုးသမီး ချူးသောမတ်(စ်)ဟာ ၁၉၉၂ ခုနှစ်မှာ၊ ဒုတိယမွေးဖွားခြင်းခံခဲ့ရပြီး စစ်မှန်သော ခရစ်ယာန်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ဒုတိယမွေးဖွားခြင်းခံခဲ့ရပြီး စစ်မှန်သောခရစ်ယာန်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ပြောင်းလဲပြီး (၂)နှစ်အကြာမှာတော့ ခရစ်တော်ဘုရားကိုယ်တိုင် သူမထံသို့ လာရောက်၍ ကောင်းကင်ဘုံသို့ (၁၇)ကြိမ်တိုင်တိုင်၊ ငရဲပြည်သို့ (၂)ကြိမ်တိုင်တိုင် အရောက်ပို့ဆောင်ပေးခဲ့ပြီး လူသားတို့အား. . . ထိုအကြောင်းအရာတို့ကို သိစေဖို့ရန်အတွက် ပြန်လည်ပြောကြားပေးရန် တာဝန်ပေးအပ်ခဲ့ပါတယ်။

ဒီအကြောင်းအရာ အတွေ့အကြုံတို့ကို Heaven is so Real (ကောင်းကင်ဘုံသည် အမှန်စင်စစ်တည်ရှိသည်ဖြစ်ကြောင်း) လို့အမည်တပ်ပြီး အောက်တိုဘာလ ၂၀၀၃ ခုနှစ်မှာ စာအုပ်တစ်အုပ်အဖြစ် ရေးသားထုတ်ဝေရန် ခရစ်တော်ဘုရားက တာဝန်ပေးအပ်ခဲ့ပါတယ်။ ထုတ်ဝေပြီး တစ်နှစ်တာအတွင်းမှာပဲ ဒီစာအုပ်ဟာ အောင်မြင်ခြင်း (၂)ခုရရှိခဲ့တယ်။ အမေရိကားမှာ အဆင့် (၁)မှ အဆင့် (၁၀) စာရင်းဝင် "ခရစ်ယာန်စာပေကောင်း" စာအုပ်တစ်အုပ်ဖြစ်ခဲ့ရပြီး နိုင်ငံတကာ အရောင်းရဆုံးစာအုပ်တစ်အုပ်လည်း ဖြစ်ခဲ့ရပြန်တယ်။ မှတပါး အခြားမရှိ. . . ခရစ်တော်ဘုရားရဲ့ ကျေးဇူးတော်ကြောင့်ပါ။ အင်္ဂလိပ်စကား ကျွမ်းကျင်စွာမပြောတတ်သော သာမာန်အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးက ခရစ်တော်ဘုရားရဲ့ အသုံးပြုခြင်းကြောင့် လူသားတစ်ရပ်လုံးကို ကယ်တင်ဖို့ ဒီစာအုပ်ကို ရေးသားနိုင်ခဲ့ခြင်းဖြစ်တယ်။

**ချူး -** ဟာလေလုယာ . . . ခရစ်တော်ဘုရား၏နာမတော်ကို ကောင်းကြီးပေးပါတယ်။ ၁၉၉၂ မှာ ကျွန်မ ခရစ်ယာန်ဖြစ်လာခဲ့ပြီး၊ ကျွန်မအသက်တာရဲ့ နေရာအားလုံးကို ဘုရားအတွက်ဖြစ်စေရမယ်ဆိုတဲ့ ကြီးမားတဲ့ဆုံးဖြတ်ချက်ကို ချခဲ့ပါတယ်။ ခရစ်တော်ဘုရားကိုယ်တိုင် ကျွန်မကို ကောင်းကင်ဘုံသို့ (၁၇)ကြိမ်တိုင်တိုင် ခေါ်ဆောင်သွားခဲ့ပါတယ်။ ၁၅ နှစ် (သို့) ၁၆ နှစ်အရွယ်ရှိတဲ့ ခန္ဓာကိုယ်အသစ် အသွင်အဖြစ်သို့ ကျွန်မပြောင်းလဲပြီး ဘုရားနဲ့ အတူလိုက်ပါသွားခဲ့တယ်။

ခရစ်တော်ဘုရားဟာ သိပ်သေချာတဲ့ စီမံခန့်ခွဲမှု၊ ကြိုတင်ပြင်ဆင်မှုများဖြင့် ကျွန်မကို တဆင့်ပြီးတဆင့် ပြုပြီးပြီးမှ နိုင်ငံတော်သို့ ချီဆောင်ခဲ့တာပါ။ ၁၉၉၄ မှာ သန့်ရှင်းသောဝိညာဉ်တော်မီးနှင့် ကျွန်မခန္ဓာကိုယ်ကို ကောင်းကြီးပေးပြီး တစ်လအကြာ တနင်္ဂနွေဘုရားကျောင်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်လုပ်နေစဉ်မှာပဲ သူ့ရဲ့ဝိညာဉ်ကိုယ်ခန္ဓာ ထင်ရှားပြသခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်၊ ရှင်ပြန်ထမြောက်ရာတနင်္ဂနွေနေ့မှာ လှုပ်ရှားစေသော ခန္ဓာကိုယ် (တနည်းအားဖြင့်) အားထုတ်ဆုတောင်းနေသော ခန္ဓာကိုယ်ကို ကျွန်မအားရရှိစေခဲ့ပါတယ်။ ဆုတောင်းတဲ့အချိန်တိုင်းမှာ ကျွန်မခန္ဓာကိုယ်ဟာ ရှေ့တိုးနောက်ငင် ဖြစ်လာလေ့ရှိပါတယ်။ မထူးဆန်းပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လုပ်ဆောင်ချက်ပါ။ ဒီနောက်မှာတော့ ကျွန်မကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သော်လည်းကောင်း၊ ကောင်းကင်ဘာသာစကားအားဖြင့်သော်လည်းကောင်း၊ ကောင်းကင်သီချင်းများအားဖြင့်သော်လည်းကောင်း၊ သန့်ရှင်းသောရယ်ခြင်း (သို့) မွေ့လျော်ခြင်းဖြင့်သော်လည်းကောင်း၊ နှစ်ခြင်းပေးခဲ့ပါတယ်။ ဒီဖြစ်ရပ်များအားလုံးဟာ တန်ခိုးသိပ်ကြီးတာပါပဲရှင်. . . (၃)နာရီကြာကြာ နှစ်ခြင်းပေးပြီးတဲ့အခါမှာတော့ ကျွန်မကြမ်းပြင်ပေါ်မှာပဲ လဲလျောင်းနေရတော့တယ်။ လုံးဝကို မထနိုင်တော့ပါဘူး။ ဒါတွေဖြစ်ပြီး လအနည်းငယ်အကြာမှာ သင်းအုပ်ဆရာ လယ်ရီရမ်တော့(ခ်)က သူ့ကို ဘုရားရှင်က ကျွန်မကို အသုံးပြုမယ်လို့ ပြောကြားကြောင်း၊ ကျွန်မကို ပရောဖက်ပြုလိုက်ပါတယ်။

၁၉၉၆ခုနှစ်၊ ဇန်နဝါရီလမှာ ခရစ်တော်ဘုရားကိုယ်တိုင် သူ့ရဲ့ထင်ရှားခဲ့တဲ့ ခန္ဓာကိုယ်နဲ့ ကျွန်မဆီကို ရောက်လာခဲ့ပါတယ်။ ဒီလိုရောက်လာတာမျိုး (သို့) တာဝန်လာရောက်ပေးအပ်တာမျိုးကို သူကိုယ်တိုင် (၁၀) ကြိမ်ပြုလုပ်ခဲ့ပြီး ကျွန်မကိုဘယ်လိုအသုံးပြုမယ်၊ ဘာတွေဖော်ပြမယ်၊ သူ့ရဲ့ကြီးမားတဲ့အကြံအစည်တွေကဘယ်လိုရှိတယ်။ စာအုပ်ကိုဘယ်လိုရေးရမလဲ အစရှိတာတွေကိုပြောကြားပါတယ်။ ဒါပေမယ့် ကောင်းကင်ဘုံကို အရှင်လတ်လတ် ခေါ်ဆောင်သွားမယ်ဆိုတာ သူမပြောခဲ့ပါဘူး။ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၉)ရက်နေ့မှာ ကျွန်မရဲ့ခန္ဓာကိုယ်ဟာ ဝိညာဉ်ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲပြီး၊ ခရစ်တော်ဘုရားကိုယ်တိုင် ကောင်းကင်ဘုံသို့ ကျွန်မကို ချီဆောင်သွားခဲ့ပါတယ်။ ထူးခြားချက်ကတော့ ကောင်းကင်ပေါ်သို့ တက်တိုင်း၊တက်တိုင်း ခရစ်တော်ဘုရားက ကျွန်မကို ပင်လယ်ကမ်းခြေနားသို့ ခေါ်ဆောင်သွားလေ့ရှိပါတယ်။ ပထမဦးဆုံးအကြိမ် ကောင်းကင်သို့တက်တုန်းက ပင်လယ်ကမ်းခြေတစ်ခုသို့ ကျွန်မကို ခေါ်သွားခဲ့တယ်။ ပြီးတော့ အင်မတန်မှ ကြည်လင်နေတဲ့ ရေမျက်နှာပြင်ကို ပြတယ်။ ပြီးတာနဲ့ ကြီးမားလှတဲ့၊ ထိန်လင်းတောက်ပနေတဲ့ လိုဏ်ခေါင်းတစ်ခုကို ပြတယ်။ ပြီးတာနဲ့ချက်ချင်း ကောင်းကင်သို့ တက်သွားတော့တာပါပဲ။

**စာရေးသူ-** လိုဏ်ခေါင်းထဲဝင်သွားပြီးတာနဲ့ ချူးက ဆက်ပြောတာကတော့. . . ခရစ်တော်ဘုရားနဲ့ ကျွန်မဟာ တောင်အောက်အထိ ဖောက်ထားတဲ့ လမ်းမကြီးတစ်ခုပေါ်မှာ လမ်းလျှောက်လာကြပြီး နောက်ဆုံးမှာတော့ မြင့်မားဝင့်ကြွားလွန်းလှတဲ့ အဖြူရောင်အဆောက်အဦးကြီးရဲ့ အရှေ့မှာရှိတဲ့ ကြီးမားလှတဲ့ အဖြူရောင်တံခါးဂိတ်ကြီးတစ်ခုအရှေ့သို့ ရောက်ရှိလာကြတယ်။ ဂိတ်တံခါးကိုဖွင့်ပြီး အဆောက်အဦးအထဲကို ဝင်လိုက်တဲ့အခါမှာတော့. . . ရှည်လျားတဲ့စင်္ကြန်လျှောက်တဲ့ ကော်ရစ်တာတစ်ခုကို တွေ့လိုက်တယ်။ ဒီကော်ရစ်တာတစ်လျှောက် လမ်းလျှောက်လာခဲ့ရာမှာ နောက်ဆုံးတော့ ခန်းမကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားခဲ့တယ်။ အင်မတန်စိတ်လှုပ်ရှားစရာပါပဲရှင်. .။ ခန်းမထဲကို ဝင်ဝင်ချင်း ကျွန်မကိုယ်ကျွန်မချက်ချင်း

သတိပြုမိလိုက်တာကတော့ ကျွန်မကမ်းခြေမှာတုန်းကရှိနေခဲ့တဲ့ ချီဆောင်စဉ်အဝတ်အစားများမဟုတ်တော့ဘဲ ဝတ်ရုံသစ်ကို ကျွန်မဝတ်ဆင်ထားပြီး၊ ခေါင်းပေါ်မှာသိပ်လှတဲ့ ဦးရစ်သရဖူတစ်ခုကိုဆောင်းပေးထားတယ်။ ဒီဝတ်ရုံနဲ့သရဖူ ကျွန်မအပေါ်သို့ စက္ကန့်မလပ်ကာလတိုလေးအတွင်းမှာ ချက်ချင်းဘယ်လိုရောက်လာခဲ့တယ်ဆိုတာ လုံးဝကိုမသိရပါဘူး။ ဒါကြောင့် ကျွန်မလည်း ခရစ်တော်ဘုရားကိုမေးဖို့ ချက်ချင်းလှည့်ကြည့်လိုက်တဲ့အခါမှာတော့ ဘုရားရှင်ဟာ ကျွန်မဘေးမှာ မရှိတော့ပဲ. . . ပလ္လင်တော်ပေါ်မှာ ထွန်းလင်းတောက်ပတဲ့ဝတ်ရုံကိုဝတ်လျက်၊ ရွှေစင်ဦးရစ်သရဖူကိုဆောင်းလျက်၊ ထိုင်နေတာကို တွေ့လိုက်ရတော့တာပါပဲရှင်. . .။ ကျွန်မကဲ့သို့ ဒူးထောက်နေသော အခြားလူများကိုလည်း ထိုခန်းမအကျယ်ကြီးထဲမှာတွေ့လိုက်ရပါတယ်။ ညီလာခံခန်းမကြီးရဲ့နံရံများကတော့ အရောင်အဝါများထွန်းလင်းနေတဲ့ အဖိုးတန်ကျောက်မျက်ရတနာအတုံးကြီးများနဲ့တန်ဆာဆင်ထားတယ်။ ရောင်စုံကျောက်သံပတ္တမြားတွေဟာ သိပ်လှပြီး အားလုံးဟာ ဖော်ပြလို့မရနိုင်အောင် အံ့ဩစရာကြီးတွေပါပဲ။ ထိုခဏမှာပဲ ကျွန်မကို တောင်ထိပ်မှာရှိတဲ့ အဖြူရောင်အဆောက်အဦးထဲသို့ ပြန်ပို့လိုက်ပြီး၊ အဲ့ဒီမှတဆင့် ပင်လယ် ကမ်းခြေသို့ ကျွန်မပြန်ရောက်နေတာကို ချက်ချင်း သတိပြုလိုက်မိပါတော့တယ်။

**ချူး** - ဘုရားရဲ့စံပါယ်ရာနဲ့စည်းဝေးရာခန်းမဆောင်ကို ကျွန်မကိုပြလိုက်တာပါပဲရှင်။ ကမ်းခြေမှာရောက်နေတဲ့ကျွန်မအနားမှာ ဘုရားရှင်က ကိုယ်ထင်ရှားပေါ်လာပြီး၊ ကျွန်မတို့တွေ အခုလေးတင်ကမှ ကောင်းကင်ဘုံပေါ်မှ ပြန်လာကြကြောင်း၊ နာခံလိုက်လျောက်တဲ့အသက်တာအားဖြင့် အသက်ရှင်သူ (Obedient) နဲ့ မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စေသူ (Pure Heart) ရှိတဲ့လူသာလျှင် ထိုခန်းမဆောင်အတွင်းသို့ ဝင်နိုင်မည်ဖြစ်ကြောင်း၊ ဧဝံဂေလိတရားကိုဟောကြားရန် အလွန်အရေးကြီးကြောင်း (ဘုရားရှင်တခဏတာမျှ ဆိတ်ငြိမ်နေလိုက်ပါသေးတယ်၊ ပြီးမှဆက်ပြောတာကတော့) ဆယ်ဘို့တဖို့ မလှူသော ခရစ်ယာန်တိုင်းဟာ နာခံလိုက်လျောက်တဲ့အသက်တာဖြင့် အသက်ရှင်သူ (Obedient) မဟုတ်ကြောင်း၊ ထပ်လောင်းသတိပေးပြောကြားတယ်။ ပထမဦးဆုံးခရီးစဉ်ရဲ့ နောက်ဆုံးစကားများပါပဲ. . .။

**စာရေးသူ** - နောက်ထပ် ( ၁၆ )ကြိမ်တိုင်တိုင်၊ ကောင်းကင်ဘုံသို့ ရောက်ခဲ့တဲ့ ချူးက ဆက်ပြောတာကတော့. . .

ပြောင်းလဲသွားတဲ့ ဝိဉာဏခန္ဓာကိုယ်နဲ့အတူ ကျွန်မကမ်းခြေမှာ ခရစ်တော်ဘုရားနဲ့လမ်းလျှောက်တယ်။ ပြီးတော့ သူကိုယ်တိုင် ကောင်းကင်ဘုံသို့ ကျွန်မကို ခေါ်ဆောင်သွားတယ်။ မြင့်မားတဲ့ (ပုလဲများဖြင့်တန်ဆာဆင်ထားတဲ့) ဂိတ်တံခါးကြီးတွေ ဖွင့်ဝင်ပြီး၊ အိမ်ဖြူအဆောက်အဦးကြီးထဲကို ဝင်လိုက်တာနဲ့ ဝတ်ရုံတွေအလိုအလျောက် ပြောင်းလဲဆင်မြန်းပေးလိုက်တယ်။ ဝတ်ရုံလဲပေးပြီးတာနဲ့ ရွှေရောင်တံတားကြီးပေါ်မှာ လမ်းဆက်လျှောက်လာကြတယ်။ ယုံကြည်သူအားလုံး ကောင်းကင်သို့လာတဲ့အခါမှာလည်း ဒီလိုမျိုးပဲ လာကြရမှာပဲလို့ ကျွန်မထင်တယ်။

**ချူး** - နောက်ထပ် ( ၁၆ )ကြိမ် ချီဆောင်ခြင်းများမှာလည်း ခရစ်တော်ဘုရားက ထူးဆန်းတဲ့အရာများကို အကြိမ်ကြိမ်ပြသတယ်။ ဒီလိုပြသတဲ့အခါတိုင်းမှာ ဘုရားရှင်က **"ငါ့သား၊သမီးတွေဟာ ဒါတွေကို အင်မတန်ကြိုက်တယ်ဆိုတာ ငါသိသလို၊ ဒီအရာတွေအားလုံးကို ငါကိုယ်တိုင်ဖန်ဆင်းစီစဉ်ပေးထားတာ။ သူတို့အားလုံးပျော်ရွှင်စေဖို့အတွက်ပါ။ ကြည့်ပါဦး ချူး. . .၊ သားသမီးတွေ ငါးများဖို့အတွက် ကြီးမားတဲ့ပင်လယ်ကြီးကိုလည်း ပြုလုပ်ပေးထားတယ်။** ကောင်းကင်ဘုံဟာ ကမ္ဘာမြေကြီးထက် ထောင်သောင်း၊ ကုဋေကဋာ၊ အဆပေါင်းများစွာနှိုင်းယှဉ်၍မရနိုင်လောက်အောင် လှပတယ်၊ ခန့်ညားတယ်၊ သာယာတယ်၊ သစ်လွင်တောက်ပသန့်ရှင်းတယ်၊ ထူးဆန်းတာကတော့ ကမ္ဘာမြေကြီးမှာရှိတဲ့လမ်းမများ၊ တိုက်တာအဆောက်အဦးများ၊ သစ်ပင်များ၊ ချုံနွယ်များ၊ ကျောက်တုံးများ၊ ပန်းပင်များ၊ လမ်းကြမ်းများကိုတော့ နိုင်ငံတော်ရဲ့အပြင်ဘက်မှာတွေ့မြင်နေရပါတယ်။ သိပ်လှတဲ့ ကောင်းကင်နိုင်ငံတော်ကြီးပါပဲရှင်. . .။ ထာဝရဘုရား စိုးစံတဲ့နေရာပဲလေ။ ဒါကိုကြည့်ခြင်းဖြင့် ဘုရားရှင်ဟာ လူသားတွေကို ဘယ် လောက်ချစ်ကြောင်း၊ ဘယ်လောက်ဒီလိုနေရာမှာ သူနဲ့အတူ စိုးစံနေစေချင်ကြောင်း ကျွန်မချက်ချင်းခံစားသိရှိမိပြီး ဘုရားရဲ့မေတ္တာကို ကျွန်မရင်ထဲမှာ ချက်ချင်းခံစားမိလိုက်ပါတယ်။ ခရစ်တော်ဘုရားက **"ငါ့ရဲ့သား၊သမီးတွေကို ငါဘယ်လောက်ချစ်တယ်ဆိုတာ တွေ့ပြီလားသမီး. . . သူတို့ကို သိပ်ချစ်လွန်းလို့ ဒီအရာတွေအားလုံးကို ငါကိုယ်တိုင်ဖန်ဆင်းပြင်ဆင်ထားတာကိုကောတွေ့ပြီလားသမီး"** လို့ ကျွန်မကို နှစ်လို ဖွယ်သောအပြုံးဖြင့် ဆိုပါတယ်။

အခုတော့ ကျွန်မသိပါပြီ။ ကျွန်မကို ကောင်းကင်ဘုံသို့ ချီဆောင်သွားရခြင်း ရည်ရွယ်ချက်ကတော့ (၂)ချက်ပါ. . .

**ပထမအချက်တော့** . . . ခရစ်တော်ဘုရားဟာ လူသားတွေကို ဘယ်လောက်အထိ ချစ်သလဲဆိုတာကို ကျွန်မကို သိစေဖို့ရယ်. . .

**ဒုတိယအချက်ကတော့** . . . ယုံကြည်သူခရစ်ယာန်အားလုံးအတွက် ဒီအံ့ဩဖွယ်ကောင်းတဲ့ အရာတွေကို သူကိုယ်တိုင်ဖန်ဆင်းစီစဉ်ထားပြီးပြီဖြစ်ကြောင်း၊ ဒီအရာတွေဟာ ယခုတကယ့်ကို ရှိနေပြီးပြီဖြစ်ကြောင်းဆိုတာရယ်ကိုပါ။

**စာရေးသူ** - ကောင်းကင်ဘုံအပြင် ငရဲပြည်သို့လည်း ခရစ်တော်ဘုရားက ချူးကို ပို့ဆောင်ပြီး ပြသခဲ့ပါတယ်။ ချူးရဲ့ပြန်ပြောချက်ကတော့ မီးလျှံတွေဟာ လူတွေကို လောင်မြိုက်နေတာ လုံးဝမရပ်ဘူး။ အဆက်မပြတ်ပါပဲ။ လူကိုမီးရှို့တဲ့အခါ ခံရတဲ့လောင်မြိုက်မှုကြောင့် အားလုံးဟာသေမတတ် အော်ဟစ်နေလိုက်ကြတာ. . . ငိုလိုက်ကြတာ. . . ဘုရားကိုကြိမ်ဆဲသူက ကြိမ်ဆဲ၊ တောင်းပန်သူက တောင်းပန်၊ ကြောက်ဖို့ကောင်းလိုက်တာရှင်. . .။

လူတိုင်းဟာ အဝတ်လုံးဝမရှိကြပါဘူး. . .။ ဆံပင်လည်း လုံးဝမရှိကြဘူး. . .။

တစ်ယောက်နဲ့တစ်ယောက် ဘေးချင်းယှဉ်ရပ်ပြီး တီကောင်တွေ လှုပ်ရွနေသလို၊ လှုပ်ရွနေကြရတာ. . .။ မီးလျှံတွေက လောင်မြိုက်လိုက်တဲ့အခါ ကြီးစွာသောဒုက္ခကို ခါးစည်းခံနေကြရတာဟာ မမြင်ရက်စရာပါပဲရှင်. . .။ ပူလိုက်တာ အလွန်အမင်းပါပဲ၊ ငရဲတွင်းထဲကျပြီးတဲ့ လူဟာ လုံးဝကို ပြန်လည်လွတ်လမ်းမရှိတော့ပါဘူး။ တွင်းနံရံများဟာ အလွန်မြင့်မားနက်စောက်ပြီး ပူမြိုက်လောင်ကျွမ်းနေတဲ့ မီးကျောက်လုံးတွေနဲ့ နံရံကို ပြုလုပ်ထားတယ်။

မီးခိုးတွေက အရပ်လေးမျက်နှာကို တွင်းထဲကနေ တက်လာနေတယ်၊ အဆက်မပြတ်ဘူး။ ဒီဘက်ကမီးလောင်လို့ ဟိုဘက်ပြေးကြရာဝယ် မထင်မှတ်တဲ့ မီးလျှံကြီးတွေ ဟိုဘက်ကပေါ်လာပြီး လောင်မြိုက်ကြပြန်ကော။ အပြစ်တရားရဲ့အခကား သေခြင်းပေတည်းဆိုတာ လူသေတာ (ခန္ဓာသေခြင်း) အဆင့်တမျိုးတည်းကို ပြောတာမဟုတ်ဘဲ ယခုကျွန်မမြင်နေရတဲ့ ဝိညာဉ်သေခြင်း (မီးလျှံဖြင့် ဝိညာဉ်များကို အပြစ်ဒဏ်ပေးခြင်း) ဆိုတဲ့ အဆင့်နှစ်ပါပဲတကား။

ကြောက်မက်ဖွယ် အော်သံနက်ကြီးများကိုလည်း ကြားရတယ်။

ဒီလူတွေ ဘယ်သူတွေပါလဲ အရှင်ရယ်လို့ မေးလိုက်တော့. . .

“**သမီး. . . ငါဖန်ဆင်းရှင်၊ ကယ်တင်ရှင် တဆူတည်းသောဘုရားရှင်ဖြစ်တဲ့ ယေရှုခရစ်တော်ကို မယုံကြည်ကြတဲ့သူတွေလေ**”လို့ ဖြေတယ်။

ချူး - ကျွန်မလေ . . . ကျွန်မ . . .။ အသံမထွက်ဘဲ ရုတ်ကြီးတငင် ငိုကြွေးလိုက်မိပါတော့တယ်။ ဒီလူတွေကို ဒီကနေလွတ်အောင် ကျွန်မဘာလုပ်ရမလဲ. . .၊ ကြံစမ်း ချူး . . . ကြံစမ်း . .။ ကျွန်မဘာလုပ်နိုင်တော့မှာလဲ . . .၊ ကျွန်မဘေးမှာရှိတဲ့ ဘုရားရှင်ကိုယ်တော်တိုင်တောင် ဘာမှမလုပ်နိုင်တော့ဘူး။ ဆိုလိုရင်းက လူမှာ မသေခင်သာ အခွင့်အရေးရှိတယ်။ သေပြီးတာနဲ့ ချက်ခြင်းစီရင်ချက်ချတာ။ ငရဲပြည်သို့ရောက်ပြီးတာနဲ့ ဘုရားရှင်ဟာ မကယ်တင်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလမ်းကို လူဟာ သူကိုယ်တိုင်ရွေးလိုက်ပြီဖြစ်လို့ပဲ ဒီအကြောင်းကို အခုမှပဲ ကျွန်မ ကွက်ကွက်ကွင်းကွင်း သိတော့တယ်။ ဒါကြောင့်လူမှာ မသေခင်လုပ်ဖို့ရှိတဲ့ အချက် နှစ်ချက်ကတော့ း-

(၁)- ယေရှုခရစ်တော်ကို မိမိရဲ့ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံကြောင်း စိတ်ထဲက ဝန်ခံသကဲ့သို့ နှုတ်မှ (ပါးစပ်)မှလည်း အသံထွက်၍ ဝန်ခံရန် (ကယ်တင်ခြင်းရရှိမှု)

(၂)- ထိုသို့ဝန်ခံပြီးတာနဲ့တပြိုင်နက် မိမိကိုယ်ကို မိမိ ပြင်ဆင်ရန်
(ဒီအရာကို စဉ်းစားရင်း၊ လုပ်ရင်း၊ ကြံစည်ရင်း၊ ယေရှုဘုရား မကြိုက်ဘူး။ ဘုရားမကြိုက်တာ ငါမလုပ်ဘူး. . . အစရှိတဲ့ ကောင်းမြတ်တဲ့ခံယူလျက်ဖြင့် သန့်ရှင်းသောစိတ်နှင့်ကိုယ်ခန္ဓာရှိခြင်းအားဖြင့် နေ့စဉ်အသက်တာကို လျှောက်လှမ်းရန်)

အပြစ်ပြုမိသည်နှင့်တပြိုင်နက်(နှင့်) မိမိအပြစ်များကို နှုတ်ဖြင့်ဖော်ပြ၍ နှုတ်ရောစိတ်ပါ ဝန်ချတောင်းပန်ရန် (အပြစ်ကို ဖော်ပြတောင်းပန်ပြီးလျှင် ခရစ်တော်ဘုရားကို သိပ်ချစ်သောကြောင့် ထိုအပြစ်များကိုထပ်၍ မလုပ်မိစေရန် ရှောင်ကြဉ်၍ မိမိခန္ဓာကိုယ်ကို သန့်ရှင်းသော ဝိညာဉ်တော် ကိန်းအောင်နေသောကြောင့်) သန့်ရှင်းစေရန်။

ကျွန်မတစ်ခုပြောပြမယ်။ ငရဲကို အခုရောက်နေကြတဲ့လူတိုင်းဟာ လူ့ပြည်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မရောက်ရောက်အောင် ပြန်လာချင်ကြတယ်။ လူ့လောကကို ပြန်ရောက်လာရင်. . . ဘာလုပ်ကြမှာမို့လို့လဲ သင်စဉ်းစားမိလား? ရှင်းပါတယ်၊ သွေးထွက်အောင် ရှင်းပါတယ်။ သူတို့အပြစ်ဝန်ချတောင်းပန်ချင်တာရယ်၊ ခရစ်တော်ဘုရားကို ကယ်တင်ရှင်အဖြစ်လက်ခံပါတယ်လို့ နှုတ်ကဝန်ခံပြောဆိုချင်တာရယ်. . . ဒီအချက်နှစ်ချက်ကြောင့်ပဲလေ။ သူတို့ကိုယ်တိုင် ဘယ်တော့မှမပြန်လာနိုင်တော့လို့ ရောက်ရင် ဒီအချက်နှစ်ချက်ကို ပြောကြားပေးဖို့ ငရဲပြည်ဆိုတာ တကယ်ရှိတယ်ဆိုတဲ့ အဆင့်လောက်နဲ့ ပြောရုံလေးသာပြောပြီး ရောက်မလားမရောက်လားဆိုတာ သေမှပဲသိမယ်ဆိုတဲ့ မှားယွင်းတဲ့အယူအဆတွေကိုချက်ချင်းပြင်ဖို့ ကျွန်မကို အော်ဟစ်ပြီး ငိုယိုတောင်းပန်ပြောကြတော့တာပါပဲ။

အခုဆက်ပြောမယ့်အချက်ကတော့ ကျွန်မရင်ကို ကွဲစေတဲ့အချက်ပါပဲ။

အမျိုးသမီးတစ်ယောက်ဟာ ပူလောင်တဲ့ဝေဒနာတွေကြားထဲက ကျွန်မကို လက်လှမ်းပြနေတာ မထင်မှတ်ဘဲတွေ့လိုက်ရတယ်။ ကျွန်မနဲ့သူနဲ့ မျက်လုံးချင်းဆုံလိုက်တဲ့အချိန်မှာ ကျွန်မခေါင်းနှစ်ခြမ်းကွဲသွားသလားရှင်. . .။ အမေ. . . ကျွန်မ. . . ကျွန်မရဲ့အမေလေ. . . ကျွန်မငိုလိုက်ရပါပြီ။ ရင်ထဲမှာ စို့နင့်စွာနဲ့ ကျွန်မအသည်းနှလုံးများ စုပ်ယူ၍ချေမွလိုက်သလိုပါပဲရှင်. . .။

ကျွန်မရဲ့ အမေဟာ . . . ငရဲမှာ. . .။ ငရဲမှာ ကျွန်မက ဘေးမှာ ဘုရားရဲ့အတူပါရှိမှုနဲ့ အကွယ်အကာနဲ့. . .။ ကျွန်မအမေက ဒဏ်ခံရင်းနဲ့ ငရဲမှာ. . .။

ကျွန်မ နာကျင်စွာနဲ့ ငိုယိုရပါပြီ။ မျက်ရည်ကျခဲ့သမျှမှာ ဒီမျက်ရည်ဟာ ကျွန်မအနာကျင်ဆုံးနဲ့ အဆုံးရှုံးဆုံးပါပဲ. . .။ စာဖတ်သူ. . . ကျွန်မရဲ့ နေရာမှာ ကိုယ်စားဝင်ကြည့်ကြည့်လိုက်ပါ။

ကျွန်မအမေအပြင် ကျွန်မရဲ့ အဖေ၊ မွေးစားအမေ၊ တူလေး၊ တူလေးရဲ့သူငယ်ချင်းနှစ်ယောက်ကိုလည်း ကြီးမားတဲ့ဝေဒနာတွေကြားမှာ ပူလောင်ကျွမ်းစွာ ခံစားနေကြရတာကို တွေ့လိုက်ရပါတယ်။ အမေကတော့ ကျွန်မကိုကြည့်ပြီး “ပူလိုက်တာ. . . အမလေးလေ. . . ပူလိုက်တာ” ဆိုတဲ့ အသံနက်ကြီးနဲ့ အော်ပြောပါတယ်။ ဘုရားရှင်က “**သမီး. . ဒီစစ်မှန်တဲ့ဖြစ်ရပ်ကို ငါဘုရားကိုယ်တိုင် သမီးကိုပြတာ ငါ့မှာရည်ရွယ်ချက်ရှိတယ်၊ သမီးထက်ပိုပြီး ငါဘုရားရှင် သူတို့ရဲ့ဖြစ်ရပ်တွေကိုမြင်ရတာ စိတ်ထိခိုက်၊ ဝမ်းနည်းမိတယ်**” ဒီတော့ ကျွန်မက “ဘုရားရှင်၊ ကျွန်မအမေဟာ ရောဂါဝေဒနာဒဏ်ကို အချိန်ကာလ အကြာကြီး ခံစားခဲ့ရပြီး၊ ငယ်ရွယ်တဲ့အချိန်မှာပဲ သေဆုံးခဲ့ရသူပါ၊ သူဟာ ဆိုးသွမ်းတဲ့လူလုံးဝမဟုတ်ပါဘူး” ဘုရားရှင်ရဲ့အဖြေဟာ ကျွန်မကိုရှင်းလင်းထွက်သွားစေပါတယ် “**သမီး. . . ယေရှုခရစ်တော်ကို သိကျွမ်းခြင်းမရှိတဲ့လူတွေ သေရင်လာရမယ့်နေရာ၊ ထာဝရဒဏ်ခံရမယ့်နေရာ တစ်နေရာတည်းပဲရှိတယ်၊ အဲဒါအခု ဒီနေရာပါပဲ**” . . .။

ကျွန်မစိတ်ထဲမှာတော့ “ဘုရားရှင်. . . ဘာကြောင့် ဒီဖြစ်ရပ်ကို ငါ့ကိုပြရတာလဲ” ဆိုတာ ကြိတ်မေးနေမိတယ်။ ဒါပေမယ့် ထူးဆန်းတာက. . . ကျွန်မ ဘုရားရှင်ကို လုံးဝစိတ်မဆိုးမိဘူး။ ကျွန်မ သူ့မျက်နှာတော်ကို လှမ်းကြည့်မိတယ်။ ကြည့်လို့မရဘူး။ မမြင်ရဘူး။ ဒါပေမယ့် သူငိုနေ

တယ်ဆိုတာ ကျွန်မချက်ချင်းသိလိုက်တယ်။ သူလည်း သိပ်ပြီးကြေကွဲစွာ ခံစားနေရတယ်။ ဝမ်းနည်းလျက်၊ ကျွန်မခေါင်းလေးကို သူပွတ်ပေးတယ်။ ကျွန်မလက်ကို ကိုင်ဆွဲပြီး၊ အဲ့ဒီနေရာကနေ သူကျွန်မကို ခေါ်ထုတ်သွားတော့တယ်။ တစ်လမ်းလုံးဘာမှမမြင်တော့ပဲ ကျွန်မယူကြုံးမရ ငိုလျက်သာ လိုက်ပါလာခဲ့ရတော့တယ်. . . ။

နောက်တစ်ကြိမ်မှာတော့ ကိုယ်ဝန်ဖျက်ချထားတဲ့ ကလေးတွေရှိတဲ့အဆောက်အဦးကြီးဆီကို ကျွန်မကို ခရစ်တော်ဘုရားရှင်က ခေါ်လာတယ်။ ဝင်လိုက်တဲ့အခါမှာ ကလေးသေးသေးလေးတွေ အများကြီးကိုတွေ့ရတယ်။ တစ်ယောက်ရဲ့ဘေးမှာတစ်ယောက် ဘေးချင်းယှဉ်ပြီး. . . လဲလျောင်းနေကြတယ်။ ကျွန်မက “ဘုရားရှင်၊ ဒီလောက်များတဲ့ကလေးတွေ. . . ” ယေရှုဘုရားရှင်က **“အသေသတ်ခြင်း/ဖျက်ချခြင်းခံလိုက်ရတဲ့ ကလေးတွေ”** လို့ ဖြေကြားတယ်။“ဘုရားရှင်ဘာလုပ်မှာလဲ” လို့မေးတော့ **“အကယ်၍ သူတို့ရဲ့ မိခင်ဟာ ကယ်တင်ခြင်းခံရပြီး၊ ကောင်းကင်ဘုံကို ရောက်လာခဲ့ရင် ဒီကလေးတွေကို သူတို့ပြန်ရကြမယ်”** လို့ဖြေကြားတယ်။ ဒီလောက်ပဲ ပြောတယ်။

**စာရေးသူ** - မိုးတိမ်တိုက်တွေ. . .

( ၁၇ )ကြိမ်မြောက်၊ ချီဆောင်ခြင်းမှာ ချူးကို မိုးတိမ်တိုက်တွေကို ဘုရားရှင်က ထူးခြားစွာမြင်တွေ့စေတယ်။

ချူးက ပြောတာကတော့ “ဘုရားရဲ့မေတ္တာ. . . သူ့ရဲ့မေတ္တာရဲ့အနက်အဓိပ္ပါယ်ကို ကျွန်မသိပါတယ်။ ချစ်တာလေ ! လူကိုသိပ်ချစ်တဲ့ဘုရားလေ. . ဒီအကြိမ်လာရောက်ခြင်းဟာ ကျွန်မရဲ့ နောက်ဆုံးလာရောက်ခြင်းပဲဆိုတာ စိတ်ထဲမှာအလိုအလျောက် သိလာတယ်။ ဒါကြောင့် ဝမ်းနည်းပြီး၊ကျွန်မ ငိုလိုက်တယ်။ ကျွန်မကမ္ဘာကို မပြန်ချင်တော့ဘူးလေ။ ဘုရားနဲ့အတူ ဘုရားရှိတဲ့နေရာမှာပဲ ထာဝရနေလိုက်ချင်တော့တယ်။ အသံလေးတစ်ခုက ကျွန်မကိုကြားစေတယ်။ ***“ငါသည်လည်း ကပ်ကမ္ဘာတုန်သည်တိုင်အောင် သင်တို့နှင့်အတူရှိမည်”*** တဲ့။ ကျွန်မဝမ်းနည်းမှုတွေကြားမှာ ထူးဆန်းစွာအားတွေပြန်ပြည့်လာတယ်။ အံ့သြမှုတစ်ခုပဲ. . Word of GOD ဘုရားရဲ့ နှုတ်ထွက်စကား/ကတိတော်ကို လုံးဝသက်ဝင်ယုံကြည် အားကိုးလိုက်တာနဲ့ ရရှိတဲ့ပြောင်းလဲမှုလေ. . . ။

အဝတ်အစားတွေပြန်လဲပြီး အပြင်ကိုထွက်လာတဲ့ ကျွန်မဟာ. . . အသင့်စောင့်ဆိုင်းနေတဲ့ ကောင်းကင်တမန်ကြီးနဲ့ အာဖြံဟံကို တွေ့လိုက်ရပါတယ်။ ဒီတစ်ခေါက်လာခြင်းဟာ နောက်ဆုံးဖြစ်တယ်လို့ သူတို့က ကျွန်မကိုပြောပါတယ်။ ကောင်းကင်တမန်ကြီးက ကျွန်မကိုထပ်မံ၍ နွေးထွေးစွာ၊ ကြင်နာစွာဖက်၍ နှုတ်ဆက်ပြန်ပါတယ်။ ဆံပင်အဖြူရောင်၊ လှပတဲ့ဝတ်ရုံနဲ့ ကြင်နာမှုအပေါင်းအပြည့်ရှိတဲ့ ထိုကောင်းကင်တမန်ကြီးက ကျွန်မကို ပြုံးပြနှုတ်ဆက်ပြီးတဲ့အခါမှာတော့ ကျွန်မ ခရစ်တော်ဆီကို တည့်တည့်လျှောက်လာခဲ့တော့တယ်။

ဘုရားရှင်က **“ဒီအကြိမ်ဟာ နောက်ဆုံးလာခြင်းပဲ သမီး၊ ကမ္ဘာထဲမှ ယုံကြည်သူတွေကို ချီဆောင်တဲ့အချိန်အထိ သမီးကို ဒီကို ပြန်လာဖို့ ထပ်ပြီးမခေါ်တော့ဘူး. . . ”** ။ ကျွန်မငိုလိုက်ရတာ၊ ဘုရားစစ်ဘုရားမှန်၊ တန်ခိုးကြီးသန့်ရှင်းတဲ့ဘုရားနဲ့ခွဲပြီး ကမ္ဘာကြီးကို ပြန်ရမှာကို သိလိုက်ရ လို့လေ။

ဒီနေ့ ယခုကမ္ဘာကြီးမှာ ကျွန်မအသက်ရှင်စဉ်ကာလ နေ့ရက်တွေတိုင်းမှာ ဘုရားရှင်နဲ့တွေ့ဆုံစဉ်က ခံစားရရှိတဲ့ ငြိမ်းချမ်းမှု၊ ကရုဏာ ချစ်ခြင်းမေတ္တာတွေကို ခံစားနေရတုန်းပဲ။ ယုံပါ . . မိတ်ဆွေ၊ ကျွန်မဘုရားဟာ သိပ်တန်ခိုးကြီးသလို လူကိုသိပ်ချစ်တဲ့ ဘုရားစစ်ပါ။

အခုတော့လေ သူ့ရဲ့အလိုအတိုင်း ကျွန်မကမ္ဘာမြေကြီးထံသို့ ကောင်းကင်ဘုံမှ ပြန်ရောက်ပြီး ချီဆောင်ခြင်းခံရသည့်အချိန်အထိ သူ့ကို စောင့်ဆိုင်းနေမိပါတယ်။ *သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ (၁သက်-၄း၁၆)*

**ချူး** - ဒီနောက်မှာတော့ ဘုရားရှင်က နောက်ထပ်ထူးခြားတဲ့ဖြစ်ရပ်များကို ပြပါတယ်။ Rapture လို့ခေါ်တဲ့ ယုံကြည်သူများကို ချီဆောင်ခြင်း ဖြစ်ရပ်များလေ. . . ။ လူတွေ . . လူတွေ ပြေးလွှားနေလိုက်ကြတာ . . . ၊ ဆောက်တည်ရာမရ. . . ၊ ဦးတည်ရာမဲ့. . . ၊ ကြောက်ရွံ့စွာ. . . ၊ ပူပန်စွာ. . . ၊ အရူးတစ်ပိုင်းကဲ့သို့ ပြေးလိုက်ကြတာ၊ ပုလိပ်တွေကလည်း နေရာတိုင်းမှာ။ စိုးရိမ်မှုအပြည့်နဲ့ ကျွန်မ ဒီရူပါရုံကို ကြည့်နေမိရတယ်။ ဘုရားရှင်က **“ယုံကြည်သူများကို ချီဆောင်သွားပြီးတာနဲ့တပြိုင်နက် ဒီကမ္ဘာကြီးကို စာတန်ကအုပ်စိုးပြီး ၆၆၆ (ခြောက်သုံးလုံး) တံဆိပ်ကိုခတ်မယ်။ ခြောက်သုံးလုံးတံဆိပ်ရှိမှ ရောင်းဝယ်လို့ရမယ်၊ ကူးသန်းသွားလို့ရမယ်။ ခြောက်သုံးလုံးတံဆိပ်ခတ်ခံရတဲ့လူဟာ ချက်ချင်း စာတန်ရဲ့ တံဆိပ်ရိုက်ခံရတဲ့ ဝိညာဉ်ဖြစ်သွားပြီမို့ သေလျှင် ငရဲဒုက္ခဒဏ်မှတပါး အခြားလမ်းမရှိ။ ခြောက်သုံးလုံးတံဆိပ် အခတ်မခံလျှင် ခေါင်းဖြတ်သတ်ခံရမယ်။”**

မိတ်ဆွေ. . . ယုံကြည်သူများကို ချီဆောင်တဲ့အခါမှာ သင်မပါဘဲ ကျန်ခဲ့လျှင် အရေးကြီးဆုံးလုပ်ရန်မှာ ခြောက်သုံးလုံးတံဆိပ် လုံးဝ အခတ်မခံပါနှင့်။ ညှင်းဆဲမှု၊ အစာရေစာပြတ်လပ်မှု၊ ကြီးစွာသောဒုက္ခခံရမှု၊ ခေါင်းဖြတ်ခံရမှုတို့ကို ကန့်နှင့်လောင်သော မီးအိုင်မှာ ထာဝရဒဏ်ခံရမှုနှင့် သင်လဲနိုင်ပါသလား? ဒါကြောင့် ခြောက်သုံးလုံးတံဆိပ်ကို အရိုက်မခံပဲ သာခုသစ္စာရှိသောယုံကြည်သူ (တနည်းအားဖြင့်) ခရစ်တော်အပေါ် သစ္စာစောင့်သူအဖြစ် ရပ်တည်ပြီး၊ အသေသတ်ခြင်းခံခြင်းဖြင့် သိုးသူငယ်ရဲ့အသက်စာစောင်မှာ သင့်နာမည်ပါပါစေ၊ ကောင်းကင်ဘုံသို့ ရောက်ပါစေ။ ဒီအချက်ကို အသက်နှင့်ထပ်တူ အရေးစိုက်ပါ။ ***ထိုညှဉ်းဆဲခြင်း၏မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏။ သားရဲနှင့်သူ၏ ရုပ်တုကိုကိုးကွယ်၍၊ သူ၏နာမတံဆိပ်လက်မှတ်ကို ခံသောသူတို့သည် နေ့ညဉ့်မပြတ် သက်သာမရကြဟု၊ လိုက်၍ ကြီးသောအသံနှင့် ပြောဆို၏။ (ဗျာ-၁၄း၁၁)***

**စာရေးသူ** - ကောင်းကင်ဘုံသည် အမှန်စင်စစ်တည်ရှိသည်ဖြစ်ကြောင်း စာအုပ်ကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ပြီး၊ တစ်ကမ္ဘာလုံးကို ဖြန့်ချီလိုက်ပါပြီ။ အားရဝမ်းသာဖို့ကောင်းတဲ့ သတင်းကောင်းပါပဲ။ Mp3 အနေနဲ့ နားထောင်နိုင်သလို Internet မှလည်း Order မှာယူနိုင်ပါပြီ။

**ချူး** -အသင်းသား (၈)သိန်းကျော်ရှိတဲ့ အသင်းတော်ကို အုပ်ချုပ်တဲ့သင်းအုပ်ဆရာ ဒေါက်တာရောင်ခြည်ချူးကို စာအုပ်ဘာသာပြန်ခြင်း၊ စာပေစီစစ်ရေးသားပေးခြင်းတို့အတွက် ကျွန်မအထူးကျေးဇူးတင်ပါတယ်။

ထောင်သောင်းမက များစွာသောလူသားတွေ ဒီစာအုပ်ကိုဖတ်ပြီး ပြောင်းလဲလာကြတယ်ဆိုရင် မိတ်ဆွေ. . . သင်ယုံမလား? သူတို့က ဒီစာအုပ်ကို "ယေရှုဘုရားရဲ့ နောက်ဆုံးကယ်တင်ခြင်းစာအုပ်" လို့ ခေါ်ကြတယ်။ ဒီစာအုပ်ကိုရေးပြီး ထုတ်ဝေဖို့ အချိန်ဘယ်လောက်စောင့်ရတယ်လို့ မိတ်ဆွေထင်ပါသလဲ?" . . . "၇" နှစ်ပါ မိတ်ဆွေ. . . "၇" နှစ်. . .။ ဘုရားမှလွဲ၍ ဒီလိုစာအုပ်မျိုးကို ဘယ်သူလုပ်နိုင်မှာလဲ မိတ်ဆွေ. .။

**စာရေးသူ** - ချူးရဲ့ နောက်ဆုံးအကြိမ်၊ ကောင်းကင်ဘုံသို့ရောက်ရှိပြီး ကမ္ဘာမြေသို့ ပြန်ခါနီးအချိန်မှာ ခရစ်တော်ဘုရားရှင်က ချူးကို ထူးခြားတဲ့ကတိတစ်ခု ပြုပေးလိုက်ပါတယ်။

**ချူး** - စာအုပ်မူကြမ်းရေးပြီးတဲ့အခါမှာ ကျွန်မကိုဘုရားရှင် ဆုံတွေ့နေကြ ပင်လယ်ကမ်းခြေကို ခေါ်ဆောင်သွားပါတယ်။ နာရီပေါင်းများစွာ အတူတကွ စကားပြောကြတယ်။ ဒီနေရာကို တနင်္လာနေ့တိုင်း အမြဲသူခေါ်လာမယ်လို့လည်း ပြောပါတယ်။ မေလ (၂၇)ရက်နေ့၊ ၁၉၉၆ မှာပြောခဲ့တာပါ။ အဲ့ဒီနေ့မှစပြီး တစ်ရက်မှ သူကတိမပျက်ခဲ့ပါဘူး။ ဝိဉာဏခန္ဓာကိုယ်နဲ့ အဲဒီနေရာကို တနင်္လာနေ့တိုင်း ကျွန်မကိုခေါ်ဆောင်ပါတယ်။ တနင်္လာနေ့၊ နေ့လည် (၁၂)နာရီနောက်ပိုင်းဆိုရင် ကျွန်မခန္ဓာကိုယ်ကို မိနစ် -၃၀ (မပိုလွန်း၊မလျော့လွန်း) လှုပ်ရှားစေပြီး သူရောက်လာပါတယ်။ ကျွန်မကို ပင်လယ်ကမ်းခြေသို့ အရောက်ခေါ်ယူသွားပါတယ်။ ဟိုရောက်တိုင်း ကလေးတစ်ယောက်လိုပဲ ကျွန်မဟာ သူ့ရှေ့မှာ သီချင်းတွေဆိုလိုက်၊ ကလိုက်နှစ်ယောက်သားရယ်လိုက်ကြ၊ စကားအပြန်အလှန်ပြောလိုက်ကြနဲ့ . . . ယခုတော့ . . . အဲ့ဒါကျွန်မရဲ့ အသက်တာပါပဲ. . မိတ်ဆွေ. . .။

ကယ်တင်ခြင်းရရှိဖို့ (တနည်းအားဖြင့်) ငရဲမှလွတ်မြောက်ဖို့ တစ်လမ်းထဲရှိပါတယ်။ အဲ့ဒါကတော့. . . အောက်ပါ ဆုတောင်းချက်ကို သက်ဝင်ယုံကြည်၍ နှုတ်မှဝန်ခံပြီး ဆုတောင်းရန်ဖြစ်ပါတယ်။

"ခရစ်တော်ဘုရား. . . ကျွန်တော်၏စိတ်နှလုံးတခါးဖွင့်၍ ကြိုဆိုပါ၏။ ဝင်ရောက်အုပ်စိုးပါ. . .။

ခရစ်တော်ဘုရားကိုယ်တိုင် ကျွန်တော်ရဲ့အပြစ်များအားလုံးကို လက်ဝါးကပ်တိုင်ပေါ်မှာ အသေသတ်ခြင်းကို ခံခြင်းအားဖြင့် ပေးဆပ်ခဲ့ပြီးဖြစ်တာကို ယုံကြည်ပါတယ်။ ခရစ်တော်ဟာ ဘုရားသခင်ရဲ့ တပါးတည်းသောသားတော်ဖြစ်ပြီး၊ သုံးရက်မြောက်သောနေ့၌လည်း သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့တာကို အကြွင်းမဲ့ယုံကြည်ပါတယ်။ ခရစ်တော်ကို ယုံကြည်သောကြောင့် ကျွန်တော်သည် ယခုပင်သေခြင်း (ငရဲပြည်)မှ၊ အသက်ရှင်ခြင်း(ကောင်းကင်နိုင်ငံတော်)သို့ ဝင်စားခြင်းခံရပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းလည်း ခံရပြီဖြစ်ပါတယ်။ ကျွန်တော်မျိုး၏ နာမည်ကိုလည်း အသက်စာစောင်တွင် ယခုပင်ရေးသွင်းလိုက်ပြီဆိုတာကိုလည်း ယုံကြည်ပါတယ်။ ဘုရားရှင်. . . မိမိ၏တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် ကျွန်တော့်ကိုချစ်တဲ့အတွက် ထိုမေတ္တာကို ကောင်းကြီးပေးပါတယ်။ ယေရှုနာမတော်မြတ်၌ ဆုတောင်းပါ၏။"

**စာရေးသူ** - အချိန်ပေးပြီး ဖတ်ရှုလေ့လာ ပြုပြင်ပြောင်းလဲခဲ့ပြီဖြစ်သော စာဖတ်သူမိတ်ဆွေကို ချူးသောမတ်(စ်)ရဲ့ကိုယ်စား ကျွန်တော်ကျေးဇူးတင်ပါတယ်။

ဒီကောင်းကင်ဘုံသည် အမှန်စင်စစ် တည်ရှိသည်ဖြစ်ကြောင်း စာအုပ်တွင် ခရစ်တော်ဘုရားက သတိပေး၊ မီးမောင်းထိုးပြလိုက်သည်ကတော့ ကျွန်တော်တို့အားလုံး မျှော်မှန်းထားသည်ထက် အင်မတန်စော၍ သူပြန်လာမည်ဖြစ်ကြောင်းနှင့် သူပြန်လာသိမ်းဆည်းချိန်ကို အဆင်သင့်ပြင်ကာ စောင့်နေကြရန် ဖြစ်ကြောင်း. . .။

**ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**
**ဘာသာပြန်ဆိုသူ**
**Chris Htet Naing U**
**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား**
**ဂုဏ်ပြုလျက် ရေးသားပါသည်။)**